# Medicaid တွင် ဝမ်းဆွဲသည် ဝန်ဆောင်မှုများ အကျုံးဝင်ပါသည်။ ဝမ်းဆွဲသည်သည် သင့်အတွက် သင့်လျော်ပါသလား။





## ဝမ်းဆွဲသည်ဟူသည်မှာ အဘယ်နည်း။

- ဝမ်းဆွဲသည်သည် ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်နေစဉ်နှင့် မီးဖွားပြီးနောက် သို့မဟုတ် ကိုယ်ဝန်ဆောင်ချိန် ပြီးဆုံးပြီးနောက် ကိုယ်ဝန်ဆောင်နှင့် မီးနေသည်အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသိပညာပေးခြင်းဆိုင်ရာနှင့် ဆေးဘက်ဆိုင်ရာမဟုတ်သော အကူအညီတို့ကို ပေးစွမ်းပါသည်။
- ဝမ်းဆွဲသည် အကူအညီကို လိုင်စင်ရ ကျန်းမာရေးဝန်ဆောင်မှုပေးသူ၏ ဆေးဘက်ဆိုင်ရာ ပြုစုစောင့်ရှောက်မှုနှင့် အစားမထိုးသင့်ပါ။

## ဝမ်းဆွဲသည်သည် မည်သည့်ဝန်ဆောင်မှုများကို ပေးအပ်သနည်း။

ဝမ်းဆွဲသည် ဝန်ဆောင်မှုများတွင် ပါဝင်နိုင်သည်များမှာ-

- မီးဖွားခြင်းအစီအစဉ် ရေးဆွဲပေးခြင်း၊
- ကိုယ်ဝန်ဆောင်ကာလအတွင်း အစဉ်တစိုက် ပံ့ပိုးကူညီခြင်း၊
- မီးဖွားစဉ်အချိန်အတွင်း မီးဖွားခြင်း အကူအညီ ဆက်တိုက်ပေးခြင်း၊
- ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ မိဘဘဝအစောပိုင်းကာလတို့နှင့် ပတ်သက်၍ ပညာပေးခြင်းနှင့် အချက်အလက်များပေးခြင်း၊
- သင်နှင့် သင်၏ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများကြားတွင် ဆက်သွယ်ပြောဆိုရာ၌ ကူညီပေးခြင်းနှင့်
- သင့်ကို ရပ်ရွာအခြေပြု မီးဖွားခြင်းနှင့် ပြုစုပျိုးထောင်ခြင်း ရင်းမြစ်များနှင့် ချိတ်ဆက်ပေးခြင်း။

## ကျွန်ုပ်သည် ဝမ်းဆွဲသည် ဝန်ဆောင်မှုများ ရယူရန် သတ်မှတ်ချက်နှင့်ပြည့်မီပါသလား။

- သင်သည် နယူးယောက်ပြည်နယ် Medicaid အဖွဲ့ဝင်တစ်ဦးဖြစ်ပါက ကိုယ်ဝန်ဆောင်သည့်အခါတိုင်း ဝမ်းဆွဲသည် ဝန်ဆောင်မှုများကို ရယူရန် သတ်မှတ်ချက်နှင့်ပြည့်မီပါသည်။
- သင်သည် ကိုယ်ဝန်မဆောင်မီနှင့် မီးဖွားပြီးချိန်၌ ဝမ်းဆွဲသည်နှင့် တွေ့ဆုံဆွေးနွေးမှု 8 ကြိမ်အထိ ပြုလုပ်နိုင်ပြီး မီးဖွားခြင်း အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ မီးဖွားရာတွင် ဝမ်းဆွဲသည် အကူအညီကို ရယူနိုင်ပါသည်။
- သင်သည် ဝမ်းဆွဲသည် ဝန်ဆောင်မှုများကို ကိုယ်ဝန်ဆောင်ချိန် ပြီးဆုံးပြီးနောက် 12 လအထိ ရယူနိုင်ပါသည်။

## ဝမ်းဆွဲသည် ဝန်ဆောင်မှုများအတွက် မည်မျှကျသင့်မည်နည်း။

- Medicaid တွင် စာရင်းသွင်းထားသော ဝမ်းဆွဲသည်များက ပေးအပ်သည့် ဝမ်းဆွဲသည် ဝန်ဆောင်မှုများသည် သင့်အတွက် အခမဲ့ဖြစ်ပါသည်။

**ဝမ်းဆွဲသည် ဝန်ဆောင်မှုများဆိုင်ရာ အကျိုးကျေးဇူးအကြောင်း ပိုမိုသိရှိနိုင်စေရန် health.ny.gov/doula တွင် လေ့လာပါ။**

NEW YORK STATE | Department of Health Medicaid